# မူလဝင်ငွေအခြေအနေသို့ ပြန်လည်ရောက်ရှိစေရေးအစီအစဉ် သီလဝါ

# Income Restoration Program in Thilawa

## သီလဝါဒေသခံကိုယ်စားလှယ်များ ပါဝင်သော (TCC) အစည်းအဝေးပွဲ ကျင်းပခြင်း (၂၀၁၇ ခုနှစ် နိုဝင်ဘာလ ၁၁ ရက်)





၂၀၁၇ ခုနှစ် နိုဝင်ဘာလ ၁၀ရက်နေ့တွင် သီလဝါဒေသခံကိုယ်စားလှယ်များပါဝင်သော (TCC) အစည်းအဝေး တစ်ခုကို MJTD ၏ အစည်းအဝေးခန်းမတွင် ကျင်းပခဲ့ပါသည်။ ထိုအစည်းအဝေးပွဲသို့ MJTD၊ဒေသခံကိုယ်စားလှယ်များ၊သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီ၏လူထုဆက်ဆံရေးအရာရှိနှင့်ဂျိုက်ကာနည်းပညာပံ့ပိုးကူညီမှုအဖွဲ့တို့တက်ရောက်ခဲ့ကြပါသည်။ အစည်းအဝေးပွဲကို ကျင်းပရခြင်း၏ အဓိကရည်ရွယ်ချက်မှာ ပြီးခဲ့သောTCCအစည်းအဝေးတွင် ဒေသခံများတင်ပြထားခဲ့သော ဒေသခံများ၏ အခက်အခဲများ၊ ကြုံတွေ့နေရသောပြဿနာများ၊လိုအပ်ချက်များနှင့် တောင်းဆိုချက်များနှင့်ပတ်သက်၍လက်ရှိဖြေရှင်းဆောင်ရွက်ပေးထားမှု အခြေအနေများကိုဆွေးနွေးရန်ဖြစ်သည်။၎င်းဆွေးနွေးမှုအပြီးတွင် သီလဝါအထူးစီးပွားရေးဇုန် ပြဿနာဖြေရှင်းမှုနည်းလမ်း(TCMP) (မူကြမ်း)ကို ရှင်းပြ၍တက်ရောက်လာသူဒေသကိုယ်စားလှယ်များနှင့်ဆွေးနွေးခဲ့ပါသည်။ဒေသခံကိုယ်စားလှယ်များကTCMPအပေါ်အထူးစိတ်ဝင်တစားရှိကြောင်းနှင့်လူထုကိုအသိပေးရန်လူထုနှင့်ဆွေးနွေးခြင်း၊သင်တန်းပေးခြင်းနှင့် လက်ကမ်းစာစောင်ဝေခြင်း စသည့်နည်းလမ်းများဖြင့် အသိပေးသင့်ကြောင်းအကြံပြုခဲ့ကြပါသည်။

## Thilawa Community Coordination (TCC) meeting (11th November 2017)



Thilawa Community Coordination (TCC) meeting was held in the office of Myanmar-Japan Thilawa Development (MJTD) on 10th November 2017. MJTD, representatives of Local communities, Public Relations Officer of Thilawa SEZ Management Committee (TSMC) and the technical support of JICA Expert Team attended this meeting. The objective of the meeting was to follow up the improvement of the previous meeting in which local people had raised difficulties, problems, needs and requests. After discussion, the idea of Thilawa Complain Management Procedure (TCMP) (draft) was shared and discussed among participants. In this meeting, the community representatives showed their interests in TCMP and commented to the way of information-sharing about TCMP by community discussion, the technical training, the flyers etc.

## သီလဝါမကျေနပ်မှုဆိုင်ရာစီမံခန့် ခွဲမှုဖြည့်စွက်(မူကြမ်း)ကို ရှင်းပြရန်အတွက် ညောင်ဝိုင်းနှင့် ရွှေပျောက်ကျေးရွာမှဒေသခံ များ၊လူထုအခြေပြုအဖွဲ့အစည်းနှင့် တွေ့ဆုံဆွေးနွေးခြင်း (၂၀၁၇ ခုနှစ် နိုဝင်ဘာလ ၁၂ ရက်)





ဂျိုက်ကာကျွမ်းကျင်ပညာရှင်များအဖွဲ့နှင့်လူမှုကျွမ်းကျင်ပညာရှင်တို့သည် သီလဝါပြဿနာ ဖြေရှင်းမှုနည်းလမ်းနှင့် သီလဝါမကျေနပ်မှုဆိုင်ရာစီမံခန့်ခွဲမှုဖြည့်စွက်ပုံစံ(မူကြမ်း)တို့ကိုအတည်ပြုရန်ရွှေပျောက်ကျေးရွာနှင့်ညောင်ဝိုင်းကျေးရွာတို့မှဒေသခံများ၊လူထုအခြေပြုအဖွဲ့အစည်းနှင့်၂၀၁၇ခုနှစ် နိုဝင်ဘာ၁၂ရက်နေ့တွင်တွေ့ဆုံဆွေးနွေးခဲ့ကြပါသည်။တွေ့ဆုံမှုများအပြီးတွင်ဂျိုက်ကာကျွမ်းကျင်ပညာရှင်များအဖွဲ့နှင့်လူမှုကျွမ်းကျင်ပညာရှင်တို့သည်ဇုန်ဘီပြန်လည်နေရာချထားရေးနေရာရှိစီမံကိန်းကြောင့်ထိခိုက်နစ်နာသူများနှင့်တွေ့ဆုံကာသီလဝါမကျေနပ်မှုဆိုင်ရာစီမံခန့်ခွဲမှုဖြည့်စွက်ပုံစံ(မူကြမ်း)တွင်လက်တွေ့အသုံးချနိုင်ရန်၎င်းတို့ထံမှမကျေနပ်ချက်များ၊တောင်းဆိုချက်များနှင့် စုံစမ်းမှုများကိုလက်ခံခဲ့ကြပါသည်။

## Discussion with Local Communities from Nyaung Wine and Shwe Pyauk Villages and Civil Society Organization (CSO) for explaining TCMP Form (Draft) (12th November 2017)





On 12th Nov 2017, JICA Expert Team and Social Expert discussed aout Thilawa Complaint Management Procedure (TCMP) and draft TCM form and confirmed with local communities and Civil Society Organizations (CSO) from Nyaung Wine and Shwe Pyauk Village. After the meetings, JICA Expert Team and Social Expert met with Zone-B PAPs to hear the requests, complaints, inquiries and collected the data to develop the draft TCM form.

Thilawa Resettlement IRP Technical Assistance Team, Address: Corner of Thilawa Development Road & Dagon – Thilawa Road,Thilawa SEZ, Thanlyin Township, Email: irp_information@irpthilawa.com , Phone Number: +959779623649

## ဖုန်ဘီပြန်လည်နေရာချထားရေးနေရာရှိစီမံကိန်းကြောင့်ထိခိုက်နစ်နာသူများနှင့်တွေ့ဆုံကာသီလဝါပြဿနာဖြေရှင်းမှုနည်းလမ်းကို ဆွေးနွေးခြင်း (၂၀၁၇ ခုနှစ် နိုဝင်ဘာလ ၁၄ ရက်)




၂၀၁၇ခုနှစ်၊နိုဝင်ဘာလ၁၄ရက်နေ့တွင်လူမှုကျွမ်းကျင်ပညာရှင်သည်ဖုန်ဘီပြန်လည်နေရာချထားရေးနေရာရှိစီမံကိန်းကြောင့်ထိခိုက်နစ်နာသူများနှင့်တွေ့ဆုံကာသီလဝါပြဿနာဖြေရှင်းမှုနည်းလမ်းကိုဆွေးနွေးခဲ့ပါသည်။အဆိုပါတွေ့ဆုံပွဲတွင်မကျေနပ်ချက်များအားတင်ပြနိုင်ရန် အဓိကကြားခံအဖြစ်ရွေးချယ်ရန်သင့်တော်သောလူအားကျေးရွာအုပ်ချုပ်ရေးမှူးနှင့်ဆွေးနွေးတိုင်ပင်လိုကြောင်းတင်ပြကြပါသည်။ထို့နောက်ဂျိုက်ကာကျွမ်းကျင်ပညာရှင်များအဖွဲ့မှ သီလဝါမကျေနပ်မှုဆိုင်ရာ စီမံခန့်ခွဲမှုဖြည့်စွက်ပုံစံ(မူကြမ်း)ကိုရှင်းပြခဲ့ပါသည်။ထပ်မံ၍စီမံကိန်းကြောင့်ထိခိုက်နစ်နာသူများကသီလဝါအထူးစီးပွားရေးဇုန်တွင်အလုပ်အကိုင်အခွင့်အလမ်းရရှိရန်တောင်းဆိုခဲ့ကြပါသည်။ထို့ကြောင့်ဂျိုက်ကာကျွမ်းကျင်ပညာရှင်များအဖွဲ့မှသီလဝါအထူးစီးပွားရေးဇုန်တွင်အလုပ်လုပ်ကိုင်ချင်သူများစာရင်းကိုကောက်ယူခဲ့ကြပါသည်။

## Discussion with PAPs from the relocation site of Zone B about Thilawa Complaint Management Procedure (14th November 2017)



On 14th Nov 2017, Social Expert explained and discussed about Thilawa Complaint Management Procedure (TCMP) to Zone-B PAPs at resettlement site. They want to choose a focal point to raise the complaints by discussing with Village Tract Administrator who should be an appropriate person. Then, JICA Expert Team explained about draft TCM form. Additionally, PAPs requested to get job opportunities at Thilawa SEZ. So, JICA Expert Team collected the list of PAPs who want to work at SEZ.

## ဖုန်ဘီပြန်လည်နေရာချထားရေးနေရာရှိ ကျန်ရှိနေသော စီမံကိန်းကြောင့်ထိခိုက်နစ်နာသူများနှင့်တွေ့ဆုံကာသီလဝါပြဿနာဖြေရှင်းမှုနည်းလမ်းကို ဆွေးနွေးခြင်း (၂၀၁၇ ခုနှစ် နိုဝင်ဘာလ ၁၅ ရက်)




ကျန်ရှိနေသော ဖုန်ဘီမှစီမံကိန်းကြောင့် ထိခိုက်နစ်နာသူများအား သီလဝါပြဿနာ ဖြေရှင်းမှုနည်းလမ်း နှင့် သီလဝါမကျေနပ်မှုဆိုင်ရာ စီမံခန့်ခွဲမှု ဖြည့်စွက်ပုံစံ(မူကြမ်း) ကိုရှင်းပြကာ မေးခွန်းများမေးမြန်းနိုင်ရန်အတွက် ဂျိုက်ကာ ကျွမ်းကျင်ပညာရှင်များအဖွဲ့မှ ၂၀၁၇ခုနှစ်၊ နိုဝင်ဘာလ၁၅ရက်နေ့တွင် ဖုန်ဘီ ပြန်လည်နေရာချထားရေးနေရာ၌ တွေ့ဆုံခဲ့ကြပါသည်။အဆိုပါဆွေးနွေးပွဲတွင်ဖုန်ဘီပြန်လည်နေရာချထားရေးနေရာ၌ ရေထောက်ပံ့ရေး အဆင်ပြေလိုကြောင်း တင်ပြခဲ့ကြပါသည်။

## Discussion with PAPs from the relocation site of Zone B about Thilawa Complaint Management Procedure (15th November 2017)



In order to explain the Thilawa Complaint Management Procedure (TCMP) to the rest of Zone-B PAPs, JICA Expert Team (JET) met with the rest PAPs on 15th Nov 2017 at Zone-B relocation site and raised the questions to develop the TCMP process. They requested to resolve the water supply case first. And then, JET gave an explanation of draft TCM form.

## သီလဝါမကျေနပ်မှုဆိုင်ရာစီမံခန့် ခွဲမှုဖြည့်စွက်(မူကြမ်း)ကို ရှင်းပြရန်အတွက် ရွှေပျောက် နှင့် သီတာမြိုင်ကျေးရွာမှဒေသခံ လူထုများနှင့် တွေ့ဆုံဆွေးနွေးခြင်း (၂၀၁၇ ခုနှစ် နိုဝင်ဘာလ ၁၆ ရက်)



သီလဝါမကျေနပ်မှုဆိုင်ရာစီမံခန်ခွဲမှုဖြည့်စွက်ပုံစံ(မူကြမ်း)အားရှင်းပြရန်နှင့်၎င်းမူကြမ်းတွင်ပြင်ဆင်သင့်သည့်အချက်များအားပြင်ဆင်ရန်အတွက်အကြံပေးချက်များအားရယူရန်ဂျိုက်ကာကျွမ်းကျင်ပညာရှင်များအဖွဲ့သည်၂၀၁၇ခုနှစ်၊နိုဝင်ဘာလ၁၆ရက်နေ့တွင်ရွှေပျောက်ကျေးရွာနှင့်သီတာမြိုင်ကျေးရွာတိုမှဒေသခံလူထုများနှင့်တွေ့ဆုံခဲ့ကြပါသည်။အဆိုပါတွေ့ဆုံပွဲသို့ကျေးရွာရပ်မိရပ်ဖများနှင့်ကျေးရွာရာအိမ်မှူးများအပါအဝင်ဒေသခံ၂၀ခန်တက်ရောက်ခဲ့ကြပါသည်။ထိုနောက်ဒေသခံများကသီလဝါမကျေနပ်မှုဆိုင်ရာစီမံခန်ခွဲမှုဖြည့်စွက်ပုံစံ(မူကြမ်း)နှင့်သီလဝါပြဿနာ ဖြေရှင်းမှုနည်းလမ်းတို့မှာ မကျေနပ်ချက်များ တင်ပြရာတွင် အသုံးဝင်နိုင်သောကြောင့်ကောင်းမွန်သောလုပ်ဆောင်ချက် ထောက်ခံခဲ့ကြသည်။

## သီလဝါပြဿနာ ဖြေရှင်းမှုနည်းလမ်း နှင့် သီလဝါမကျေနပ်မှု ဆိုင်ရာ စီမံခန့်ခွဲမှု ဖြည့်စွက်ပုံစံ(မူကြမ်း) ကိုအလွှမ်းဆွတ် ကျေးရွာနေလူထုအားရှင်းလင်းတင်ပြခြင်း (၂၀၁၇ ခုနှစ် နိုဝင်ဘာလ ၁၉ ရက်)



၂၀၁၇ခုနှစ်၊နိုဝင်ဘာလ၁၉ရက်နေတွင်ဂျိုက်ကာကျွမ်းကျင်ပညာရှင်များအဖွဲ့မှဦးဆောင်ကာသီလဝါပြဿနာဖြေရှင်းမှုနည်းလမ်းနှင့် သီလဝါမကျေနပ်မှုဆိုင်ရာ စီမံခန်ခွဲမှုဖြည့်စွက်ပုံစံ(မူကြမ်း) ကို အလွှမ်းဆွတ်ကျေးရွာနေလူထုအားရှင်းလင်းခဲ့ပါသည်။အစည်းအဝေး၏အဓိကရည်ရွယ်ချက်မှာသီလဝါပြဿနာဖြေရှင်းမှုနည်းလမ်းအားအကျိုးရှိရှိအသုံးချနိုင်ရန်နှင့်သီလဝါမကျေနပ်မှုဆိုင်ရာစီမံခန့်ခွဲမှုဖြည့်စွက်ပုံစံ(မူကြမ်း) အပေါ်ဒေသခံများ၏ထင်မြင်ချက်များကိုလက်ခံရန်အတွက်ဖြစ်သည်။ အဆိုပါတွေ့ဆုံပွဲသိုကျေးရွာရပ်မိရပ်ဖများနှင့်ကျေးရွာရာအိမ်မှူးများ အပါအဝင်ဒေသခံ၁၆ယောက်ခန့်တက်ရောက်ခဲ့ကြပါသည်။

## Discussion with Local Communities from Shwe Pyauk and Thida Myaing Villages to explain Thilawa Complaint Management Procedure (Draft) (16th November, 2017)



On 16th Nov 2017, JICA Expert Team met with community from Thida Myaing and Shwe Pyauk to explain about Thilawa Complaint Management Procedure (TCMP) and asked suggestion which need to be modified on TCM form. About 20 participants attend the meeting including 100 Household Leader and elders from community. Then, community recommended that TCM procedure and form were good and would be helpful to raise the complaints in the future.

## Discussion with Local Communities from Ah Lwan Soke Village for explaining about Thilawa Complaint Management Procedure and TCMP Form (Draft) (12th November 2017)



Thilawa Complaint Management Procedure (TCMP) and draft TCM form were explained to the local community from Ah Lun Soke Village by JICA Expert Team on 19th Nov 2017. The main purpose of this meeting was to explain how to use the TCMP effectively and receive comment on the form. Around 16 people including 100 Household Leader attended the meeting.

## စီမံကိန်းကြောင့် ထိခိုက်နစ်နာသူများ ပါဝင်သည့် အလုပ်ရုံဆွေးနွေးပွဲ (၂၀၁၇ ခုနှစ် ဒီဇင်ဘာလ ၁၇ ရက်)





၂၀၁၇ ခုနှစ် ဒီဇင်ဘာလ ၁၇ ရက်နေ့တွင် ဧရိယာ ၂-၂ မှ စီမံကိန်းကြောင့်ထိခိုက်နစ်နာသူများပါဝင်သော အလုပ်ရုံဆွေးနွေးပွဲကို ပြန်လည်နေရာချထားရေးနေရာ (ဇုန်ဘီ) တွင် ကျင်းပခဲ့ပါသည်။ အစည်းအဝေးသို့ ရာအိမ်မှူးနှင့် ရပ်မိရပ်ဖများအပါအဝင် စုစုပေါင်း (၅၂)ယောက် တက်ရောက်ခဲ့ကြပါသည်။ သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီမှလူထုဆက်ဆံရေးအရာရှိနှင့်ဂျိုက်ကာကျွမ်းကျင်ပညာရှင်အဖွဲ့တို့မှမူလဝင်ငွေအခြေအနေသို့ပြန်လည်ရောက်ရှိစေရေးအစီအစဉ်၊ပြန်လည်နေရာချထားရေးနေရာရှိ စုပေါင်းထိန်းသိမ်းစောင့်ရှောက်ရမည့်အရာများ၊ဘေးကင်းလုံခြုံမှုအကြောင်းနှင့် သီလဝါအထူးစီးပွားရေးဇုန်နှင့်သက်ဆိုင်သောမကျေနပ်မှုဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ထုံးလုပ်နည်းများအကြောင်းကိုရှင်းပြခဲ့ပါသည်။ထို့နောက် ရှင်းလင်းတင်ပြမှုအပေါ် စီမံကိန်းကြောင့် ထိခိုက်နစ်နာသူများ၏ သဘောထားကိုသိရန်အတွက်ဆွေးနွေးမှုများပြုလုပ်ခြင်းနှင့်ဒေသခံများမှ သိချင်သောမေးခွန်းများကို ဖြေကြားခဲ့ပါသည်။

## ရေပေးဝေရေးအဖွဲ့အကြောင်းနှင့်သက်ဆိုင်သည့် အစည်းအဝေးကို ဇုန်ဘီမှ ရေကော်မတီနှင့်အတူ ကျင်းပခြင်း (၂၀၁၇ခုနှစ်၊ဒီဇင်ဘာလ၂၄ရက်)



၂၀၁၇ခုနှစ်၊ဒီဇင်ဘာလ၂၄ရက်နေ့တွင်ဂျိုက်ကာကျွမ်းကျင်ပညာရှင်များအဖွဲ့သည်ပြန်လည်နေရာချထားရေးနေရာ(ဇုန်ဘီ)သို့သွားရောက်ကာရေပေးဝေရေးစနစ်နှင့်သက်ဆိုင်သော ဒီဇိုင်းအပါအဝင်ပြုလုပ်တပ်ဆင်ထိန်းသိမ်းပုံများအကြောင်းကိုတက်ရောက်လာသူများအားရှင်းလင်းတင်ပြခဲ့ပါသည်။အဆိုပါအစည်းအဝေးသို့ရေကော်မတီ၊လျှပ်စစ်ကော်မတီတို့မှအဖွဲ့ဝင်များနှင့်ကျေးရွာရာအိမ်မှူးတို့တက်ရောက်ခဲ့ကြပါသည်။ဆက်လက်၍ဂျိုက်ကာကျွမ်းကျင်ပညာရှင်များအဖွဲ့ မှရေကော်မတီအဖွဲ့ဝင်များအားရေအသုံးပြုသူများအဖွဲ့ ့အစည်းနှင့်သက်ဆိုင်သောဖွဲ့စည်းပုံဇယား၊အဖွဲ့အစည်းနှင့်သက်ဆိုင်သောဆောင်ရွက်ရမည့်စည်းကမ်းများနှင့်ရေအသုံးပြုသူများအတွက်စည်းကမ်းများအကြောင်းကိုဆွေးနွေးခဲ့ကြပါသည်။ထို့အပြင်တက်ရောက်လာသူများမှနောက်တစ်ကြိမ်အစည်းအဝေးတွင်ရေကော်မတီ၊လျှပ်စစ်ကော်မတီအဖွဲ့ဝင်များအဖြစ်တာဝန်ပေးခန့်အပ်ထားရန်အတွက်ဒေသခံနေထိုင်သူများအတွင်းမှရွေးချယ်ရမည်ဖြစ်ကြောင်းအကြံပြုခဲ့ကြပါသည်။

## Community Workshop Meeting (17th December 2017)



Community Workshop Meeting with Project Affected Persons (PAPs) from area 2.2 was conducted at the relocation site of Zone B on 17th December 2017.Fifty-two people attended this meeting including 100 Household Leader and elders from community. Community Relation Officer of TSMC and JICA Expert team explained about Income Restoration Program (IRP), Maintenance of Common Facilities at Relocation Site, Safety and Security and Thilawa Complaint Management Procedure (TCMP). After that, the discussion carried on with PAPs to know their attitudes on explanation and answered their questions.

## Meeting with Water Committee from Zone B for WUA (24th December 2017)



On 24th December 2017, JICA Expert Team explained about Water Supply System including design, hardware and instructions to the participants at Zone (B) resettlement site. Members of water and electricity committee and 100 House Holds Leader attended this meeting. Continuously, JICA Expert Team discussed with water committee members about Water User Association, organization chart, rules of organizational activities and water use. Finally, the participants suggested that the members for water and electricity committee will be chosen among local residents as in-charged persons in the next time meeting.

Thilawa Resettlement IRP Technical Assistance Team, Address: Corner of Thilawa Development Road & Dagon – Thilawa Road,Thilawa SEZ, Thanlyin Township, Email: irp_information@irpthilawa.com , Phone Number: +959779623649